**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၇ / ၂၀၀၅**
**ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**
**( ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက် )**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပမှတင်သွင်းသော သို့မဟုတ် ပြည်ပသို့တင်ပို့သော တိရစ္ဆာန်တွင် ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ ကိုလည်းကောင်း၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီခြင်း ရှိ မရှိ နှင့် ဘေးအန္တရာယ် ဖြစ်စေနိုင်သောရောဂါပိုး သို့မဟုတ် အဆိပ်အတောက်ပါဝင်ခြင်း ရှိ မရှိ ကိုလည်းကောင်း စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါနေရာဒေသများတွင် စစ်ဆေးရေးစခန်းများ သတ်မှတ်ဖွင့်လှစ် လိုက်သည်။

| | | |
|---|---|---|
| ၁။ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် | ရန်ကုန်တိုင်း |
| ၂။ | ရန်ကုန်ဆိပ်ကမ်း | ရန်ကုန်တိုင်း |
| ၃။ | သီလဝါဆိပ်ကမ်း | ရန်ကုန်တိုင်း |
| ၄။ | မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် | မန္တလေးတိုင်း |
| ၅။ | မောင်တောမြို့ | ရခိုင်ပြည်နယ် |
| ၆။ | တမူးမြို့ | စစ်ကိုင်းတိုင်း |
| ၇။ | မူဆယ်မြို့ | ရှမ်းပြည်နယ် |
| ၈။ | တာချီလိတ်မြို့ | ရှမ်းပြည်နယ် |
| ၉။ | မြဝတီမြို့ | ကရင်ပြည်နယ် |
| ၁၀။ | ကော့သောင်းမြို့ | တနင်္သာရီတိုင်း |

ပုံ/-

**(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)**
**ဝန်ကြီး**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

စာအမှတ်၊ ၁/၁၉၀ (က) / (၃၁၉ /၂၀၀၅)
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက်

**ဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်
၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှေ့နေချုပ်ရုံး
၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး
၇။ ဝန်ကြီးဌာန ( အားလုံး )
၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၉။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
၁၀။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ( အားလုံး )
၁၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ် ( အားလုံး )
၁၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ -

**(ကျော်ကျော်ဌေး)**
**ရုံးအဖွဲ့မှူး**